Peace Justice Liberty Development
FEDERAL LAW ACADEMY
Federal Law Academy
Email:- legalaidnetwork@gmail.com, Phone:- (86) - 0692-6209515

## ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ဆိုင်ရာ ထုတ်ပြန်ချက် (၁)

### စစ်အာဏာရှင်စနစ်ကို အမြစ်ပြုတ်တိုက်ဘို့ ကြိုးစားနေစဉ်မှာပင် ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ ပေါ်ပေါက်၊ ကျင့်သုံးရေးကို အဘယ်ကြောင့် တပြိုင်နက်ဖော်ဆောင်သင့်သလဲ။

(၁) စစ်အာဏာရှင်စနစ်ကို အမြစ်ပြုတ်ချေမှုန်းရန် စစ်ရေးသက်သက်ဖြင့် မဖြစ်နိုင်ပေ။ ဥပဒေစိုးမိုးရေးကို အခြေခံသည့် နိုင်ငံရေးဖြင့် ပေါင်းစပ်လှုပ်ရှားရန်လိုအပ်လာသည်။ လက်ရှိအချိန်တွင် တော်လှန်ရေးအင်အားစုများ အနေဖြင့် ဖက်ဒရယ်အဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်ကို ရေးဆွဲ၊ အတည်ပြု၊ ပြဌာန်း၊ ကျင့်သုံးရန်မှာ သမိုင်း၏လိုအပ်ချက်တရပ်ဖြစ်လာသည်။

(၂) ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော အဖွဲ့အစည်းများ (အထူးသဖြင့် CRPH) အနေဖြင့် ဖက်ဒရယ်လွှတ်တော်တရပ် ဖွဲ့စည်းနိုင်ရေးအတွက် အုပ်ချုပ်ရေးနယ်မြေရှိ၊ လူထုထောက်ခံမှုရှိ၊ လက်နက် ကိုင်တပ်မတော်သာမက အစိုးရလည်း တည်ထောင်လည်ပတ်လျက်ရှိခြင်းကြောင့် သဘောသက်ရောက် သည့် တရားဝင်မှု (De facto Legitimacy) ရရှိနေသည့် ခုခံစစ်ဆင်အဖွဲ့အစည်းများအား ဖိတ်ကြားသင့်သည်။ ယင်းသို့ဖြင့် ဥပဒေများ ပြုစု၊ အတည်ပြု ကျင့်သုံးသည့် အဆင့်သို့တက်သင့်ပြီဖြစ်သည်။ ပယ်ဖျက်ပြီး ဖြစ်သော ၂၀၀၈ ခုနှစ်ဖွဲ့စည်းပုံ နောက်ခံဖြင့် CRPH သည် မည်သည့်လွှတ်တော်ကိုမျှ တရားဝင်မဖွဲ့စည်းနိုင်ပါ။

(၃) ဒီမိုကရေစီအင်အားစုများသည် ၂၀၁၂၊ ၂၀၁၅ နှင့် ၂၀၂၀ ခုနှစ်ရွေးကောက်ပွဲများတွင် အနိုင်ရရှိခဲ့ပြီးနောက် တပ်မတော်၏ သဘောသက်ရောက်သည့် တရားဝင်မှု (Defacto Legitimacy) ကို တောက်လျှောက်အသိအမှတ်ပြု ကာ ဥပဒေပြုလွှတ်တော်တွင် အတူထိုင်ခဲ့ကြသည်။ တိုင်းရင်းသားခုခံစစ်ဆင်အဖွဲ့အစည်းများကိုမူ မဟာမိတ်အဆင့် မျှဖြင့်သာထားကာ၊ စစ်ရေးအရ ပူးပေါင်းဆောင်ရွက်သော်လည်း နိုင်ငံရေးအရ တရားဝင်မှုအဆင့်အား အတူတကွ ဖော်ဆောင်မှု မပြုခြင်းမှာ မျှတမှုမရှိ။ ဥပဒေကြောင်းမှနေ၍ စစ်အာဏာရှင်စနစ်အား အမြစ်ပြုတ်ရေးကို ထိရောက် စွာ မဆောင်ရွက်နိုင်ဖြစ်နေသည်။

(၄) စစ်ကောင်စီကိုတိုက်ထုတ်ပြီး မိမိထိန်းချုပ်ထားသောနယ်မြေဒေသများတွင် အုပ်ချုပ်ရေးယန္တရားများချမှတ် ဖော်ဆောင်နေသည့် တော်လှန်ရေးအင်အားစု အစိုးရများက တဦးချင်းနှင့်အုပ်စုလိုက်ပြည်သူများ၏ အခွင့်အရေး များကို ကာကွယ်စောင့်ရှောက်ပေးရန်နှင့် မိမိတို့ကိုယ်တိုင်က မချိုးဖောက်စေရန်လိုအပ်လာသည်။ ယင်းသို့ဖြစ်စေ ရန်မှာ အစိုးရအာဏာကိုကန့်သတ်သော ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် (Constitutionalism) ကို ကျင့်သုံးရပါမည်။

ယင်းအခြေခံနှစ်ရပ်လုံးကို ဖော်ဆောင်ရန်မှာ ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတစ်ခုရှိမှသာ လက်တွေ့ဖြစ်နိုင်ပါသည်။

(၅) ဖက်ဒရယ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် တဘက်၌ တိုင်းရင်းသားပြည်နယ်များ၏ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အမြင့်ဆုံးကျင့်သုံးခွင့်ရစေဘို့ အာမခံပြဋ္ဌာန်းရပါမည်။ အခြားတဘက်တွင်လူများစုနှင့် လူနည်းစုများအကြားသော်လည်းကောင်း၊ လူနည်းစုများ အချင်းချင်းအကြားသော်လည်းကောင်း ပြဿနာများ ဖြစ်ပွားပါက ငြိမ်းချမ်းစွာဖြေရှင်းနိုင်မည့် လမ်းကြောင်းများအားညွှန်ပြ၊ ပြဋ္ဌာန်းပေးရန် လိုအပ်သည်။ ယင်းတို့ကို လိုက်နာဖော်ဆောင်ခြင်းဖြင့်  စစ်ကောင်စီကို ဆန့်ကျင်နေသောနိုင်ငံရေး အင်အားစုများအတွင်း ညီညွတ်မှု တည်ဆောက်နိုင်ပါမည်။

(၆) ယင်းသို့ဖြစ်ပါက စစ်အာဏာရှင်စနစ်ကို ဆန့်ကျင်ခြေမှုန်းရန် ကြိုးပမ်းနေကြသော နိုင်ငံရေး၊ စစ်ရေး အင်အားစုများအနေဖြင့် ခုခံစစ်၏ တရားဝင်မှု (Legitimacy of the Resistance War) ကို ရှာဖွေရာတွင် အထောက်အပံ့ဖြစ်ပြီး နိုင်ငံတကာ၏ အသိအမှတ်ပြုမှုကို ရရှိနိုင်ပါမည်။

(၇) ဖက်ဒရယ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို အတည်ပြု၊ ကျင့်သုံးနိုင်ပါက ဥပဒေပြုရေး၊အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာကြီး သုံးရပ်ကို ကောင်းမွန်စွာ လည်ပတ်နိုင်မည်ဖြစ်သဖြင့် ယင်းနောက်ခံတွင် ဖက်ဒရယ် တပ်မတော်အသစ်တရပ် ပေါ်ပေါက်လာနိုင်ခြေများစွာ ရှိပါသည်။ ယင်းသို့ဆိုလျှင် ယနေ့ စစ်ကောင်စီပြုတ်ကျသွားစေဦး၊ နိုင်ငံရေးအာဏာလစ်ဟာမှုမရှိဘဲ ချက်ခြင်းအစားထိုးကာပြည်ထောင်စုတခုလုံး၏ လုံခြုံမှု၊ တည်ငြိမ်မှု၊ ငြိမ်းချမ်းမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုတို့အား အမြန်ဆုံးဖော်ဆောင်နိုင်ပါမည်။

**ဖက်ဒရယ်ဥပဒေ အကယ်ဒမီ**

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ (၁၅) ရက်